# ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါဒိုင်း တဲ့ချို ဟွန်ဆင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ခရီးစဉ် ပူးတွဲသတင်းထုတ်ပြန်ချက်

( ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ – ၈ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါဒိုင်း တဲ့ချို ဟွန်ဆင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်မှ ၈ ရက်အထိ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့သည်။

ဝန်ကြီးချုပ် ဆမ်ဒက် တဲ့ချို သည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသတွင်းဆိုင်ရာ အကျိုးတူကိစ္စရပ်များနှင့် အလေးပေးဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်ဖက်ခေါင်းဆောင်များသည် သက်ဆိုင်ရာနိုင်ငံများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဝန်ကြီးချုပ် ဆမ်ဒက် တဲ့ချို အား မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO)များနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးဖြစ်ပြီး ၂၀၂၂ နှစ်ကုန်အထိ ထပ်မံတိုးမြှင့်သွားရန်လည်း အသိပေးခဲ့သည်။ ဆက်လက်၍ သက်ဆိုင်သူများအားလုံးအနေဖြင့် နိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုလျက် အပစ်အခတ်ရပ်စဲမှုကို လက်ခံရန်၊ အကြမ်းဖက်လုပ်ရပ်များအားလုံးကို အဆုံးသတ်ရန်နှင့်တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တောင်းဆိုခဲ့သည်။ ဝန်ကြီးချုပ် ဆမ်ဒက် တဲ့ချို ကလည်း အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရန် သက်ဆိုင်သူများအကြား အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ပြုလုပ်ရေးနှင့် တင်းမာမှုများ လျှော့ချရေးတို့ကို ရည်ရွယ်သည့် ယင်းတောင်းဆိုခဲ့မှုအပေါ် ခိုင်မာစွာထောက်ခံခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံဆိုင်ရာအာဆီယံအထူးကိုယ်စားလှယ်၏ ပါဝင်မှုကို ကြိုဆိုခဲ့သည်။ အဆိုပါအရေးကြီးသည့် လုပ်ဆောင်ချက်သည် အာဆီယံ၏တူညီဆန္ဒ (၅)ချက်တွင် ထည့်သွင်းဖော်ပြထားသောအချက် ဖြစ်သည်။

နှစ်ဖက်ခေါင်းဆောင်များသည် မြန်မာပြည်သူများအတွက် လူသားချင်းစာနာကူညီပံ့ပိုးမှုများ ပေးအပ်ရာတွင် အမှန်တကယ်လိုအပ်သူများထံသို့ ရောက်ရှိရန် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်၊ အာဆီယံအတွင်းရေးမှူးချုပ်၊ AHA စင်တာမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသို့ AHA စင်တာမှတစ်ဆင့် လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် သက်ဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများကဲ့သို့သော သက်ဆိုင်သူများအကြား အစည်းအဝေးတစ်ရပ်ကျင်းပရေးအတွက် အားပေးသွားမည် ဖြစ်သည်။ အမှန်တကယ်လိုအပ်လျက်ရှိသည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ခွဲခြားမှုမရှိဘဲပေးအပ်ရေးနှင့် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနိုင်ရေးအတွက် သင့်လျော်သည့်ယန္တရားများနှင့် အစီအစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန်

အရေးကြီးကြောင်းနှင့် လူ့အသက်ကယ်ဆယ်ရေးသည် အရေးကြီးဆုံးကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်ဖက်ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူမည့်အပေါ် ဂုဏ်ယူ ဝမ်းမြောက်ကြောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ပရတ်ဆော့ခွန်းအား အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မည့် အပေါ် ကြိုဆိုကြောင်းနှင့် ၎င်းအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ အာဆီယံတူညီဆန္ဒ (၅)ချက်ကို အကောင်အထည်ဖော်နိုင်ရေးကိုအပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံတူညီဆန္ဒ(၅)ချက်သည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အပြန်အလှန် အထောက်အကူပြုသင့်ကြောင်း အလေးအနက်ထားပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန် က အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ ရရှိရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ၏ နှစ်ဦးနှစ်ဖက်အကျိုးရှိသောမူဝါဒကို ရှင်းလင်းမျှဝေခဲ့သည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်က ကမ္ဘောဒီးယားနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ ရရှိခဲ့သော အတွေ့အကြုံများနှင့် သင်ခန်းစာများအပေါ် အခြေခံ၍ သက်ဆိုင်သည့် အဖွဲ့အစည်းများအားလုံး၏ ပူးပေါင်းပါဝင်မှုနှင့် သဘောတူညီမှု မပါရှိဘဲ အလုံးစုံ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်နိုင်မည် မဟုတ်ကြောင်း အလေးထား ပြောကြားခဲ့သည်။ အလားတူ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း အာဆီယံအထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံခရီးစဉ်ကို ပံ့ပိုးပေးရန်နှင့် လက်ရှိပြည်တွင်းအခြေအနေများကို ထည့်သွင်းစဉ်းစားလျက် သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံးနှင့် တွေ့ဆုံနိုင်ရေး ပြောကြားခဲ့သည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအကျပ်အတည်း ဖြစ်ပေါ်နေသည့်ကာလတွင် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြင့်တင်စေမည့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ၌ အထောက်အကူပြုနိုင်ရန် နှာခေါင်းစည်း (၃,၂၀၀,၀၀၀) ခု၊ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (၃၀,၀၀၀)စုံ၊ အသက်ရှူအထောက်အကူပြုစက် (၅၀) လုံး၊ လူနာစောင့်ကြည့်စက် (၅၀) လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ အောက်ဆီဂျင်စက်(၅၀)လုံးနှင့် အခြားသော ဆေးဘက်ဆိုင်ရာ အထောက်အကူ ပစ္စည်းများ လှူဒါန်းခဲ့မှုအပေါ် ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးပွဲအား အပြန်အလှန်နားလည်မှုနှင့် ရင်းနှီးပွင့်လင်းမှုတို့ကို အခြေခံ၍ ဆွေးနွေးကျင်းပခဲ့သည်။

နေပြည်တော်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်

**Joint Press Release On the Visit of Samdech Akka Moha Sena Padei Techo HUN SEN Prime Minister of the Kingdom of Cambodia to the Republic of the Union of Myanmar**

07-08 January 2022

At the invitation of His Excellency Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister of the Republic of the Union of Myanmar, Samdech Akka Moha Sena Padei Techo Hun Sen, Prime Minister of the Kingdom of Cambodia, led a high level delegation to pay a working visit to the Republic of the Union of Myanmar on 07-08 January 2022.

Samdech Techo Prime Minister had a bilateral meeting with His Excellency Senior General Min Aung Hlaing during which both sides discussed a number of bilateral and regional issues of common interest and concerns. The two leaders briefed each other on the recent developments in their respective countries.

On the developments in Myanmar, His Excellency Senior General Min Aung Hlaing informed Samdech Techo Prime Minister that the Myanmar Government had declared a five-month ceasefire with all Ethnic Armed Organizations (EAOs) until the end of February 2022 and decided to further extend it until the end of 2022. His Excellency Senior General also called on all parties concerned to accept the ceasefire in the interest of the country and people, end all acts of violence and exercise utmost restraint, a move Samdech Techo Prime Minister strongly supported with the view to deescalating tension and enable constructive dialogues among relevant stakeholders to achieve enduring peace and national development. To this end, H.E. Senior General welcomed the participation of the special envoy of the ASEAN Chair on Myanmar to join the ceasefire talks with and among the EAOs. This important step is embodied in the ASEAN five-point consensus.

To strengthen the efficiency of the delivery of humanitarian assistance to the people of Myanmar, especially to the people who are most in need of help, the two Leaders supported the convening of a meeting among stakeholders such as the special envoy of the ASEAN Chair on Myanmar, the Secretary-General of ASEAN, the representatives of the ASEAN Humanitarian Assistance and Disaster Management Centre (AHA Centre), and the Myanmar National Task Force to Facilitate Provision of Humanitarian Assistance through the AHA Centre, the Myanmar Red Cross Society (MRCS) and the relevant United Nations Specialized Agencies. The two sides acknowledged the critical importance of setting up mechanisms and proper facilities for the COVID-19 vaccination programme along with the provision of humanitarian assistance effectively to the people in need without discrimination, as nothing is more important than saving people's lives.

His Excellency Senior General Min Aung Hlaing congratulated Cambodia for assuming the ASEAN Chairmanship 2022 and welcomed the appointment of His Excellency PRAK Sokhonn, Deputy Prime Minister and Minister of Foreign Affairs and International Cooperation, as special envoy of the ASEAN Chair on Myanmar and pledged full support to the latter in fulfilling his mandate to

implement the five-point consensus in accordance with the ASEAN Charter. He also emphasized that implementation of the five-point consensus should be complementary in realization of the five-point roadmap of the State Administration Council.

Samdech Techo Prime Minister shared Cambodia's Win-Win Policy success in achieving national reconciliation, lasting peace, stability, development and prosperity. He also stressed that based on the experiences and lessons learned from Cambodia's peace process, complete peace and national reconciliation cannot be achieved without participation and agreement from all parties involved. In the same spirit, His Excellency Senior General has assured the facilitation of the visit of the special envoy to Myanmar and to meet with all parties concerned taking into account of the prevailing situation in Myanmar.

The two sides also exchanged views on bilateral cooperation to further enhance the existing friendly relations between the two peoples, particularly in the context of global health crisis. His Excellency Senior General Min Aung Hlaing expressed his deep appreciation to the Government and people of Cambodia for the additional donations of 3,200,000 masks, 30,000 personal protection equipment (PPE), 50 ventilator machines, 50 patient monitors and accessories and 50 Oxygen concentrators and other medical equipment to assist Myanmar in the fight against the Covid-19 pandemic.

The meeting was concluded in an atmosphere of mutual understanding and in a frank and candid manner.

Nay Pyi Taw, 7 January 2022